မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 7 , 2025 Volume 88 , Number 5

၇.၃.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၁.၉၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၆၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၅.၄၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၇.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာသလို အသစ်ဝင်ကုလားပဲများ အဝယ်သွက်နေ




ပို့ကုန်ပဲများ ဈေးပြန်မြင့်တက်လာသလို အသစ်ဝင်ကုလားပဲများ အဝယ်သွက်နေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

အသစ်ဝင်ပြည်တွင်းသုံးကုလားပဲများ လက်ရှိပေါက်ဈေးမှာ ကျဆင်းနေသောကြောင့် လှောင်လက်ကုန်သည်များ အဓိကအဝယ်ကောင်းနေခြင်းဖြစ်သည်။

ပို့ကုန်ပဲများဈေးအနည်းငယ်ပြန်လည်မြင့်တက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း၊အသစ်ဝင် ပြည်တွင်းသုံးကုလားပဲသစ်များ စုံလင်စွာ ဝင်ရောက်လာသော်လည်း ဈေးနှုန်းများကျဆင်းနေကြောင်း၊ထိုသို့ ဈေးကျဆင်းမှုများကြောင့် ပြည်တွင်းလှောင်လက်သမားများ အဝယ်ရှိလာကြောင်း၊ပဲမာလိုင်းများမှာ ယခင်နှစ်ထက် ဈေးများစွာကျဆင်းမှုများရှိနေကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

“ ပြည်တွင်းသုံးကုလားပဲ၊ပဲမာလိုင်းများ ဈေးကွက်အတွင်းစုံလင်စွာ ဝင်ရောက်လာပါတယ်။ဈေးနှုန်းတွေကတော့ ပြည်တွင်းသုံးပဲဖြစ်လို့ ခပ်အေးအေးအရောင်းအဝယ်နဲ့ ဈေးကျဆင်းနေပါတယ်။မနှစ်က ပဲနီပြာတစ်အိတ်လျှင် ငွေကျပ် လေးသိန်းကျော် ငါးသိန်းနီးပါး ပေါက်ဈေးရှိခဲ့တာ လက်ရှိတစ်အိတ်ကို ငွေကျပ် ၂၈၀,၀၀၀ဈေးသာ ပေါက်ဈေးရှိပါတယ်။ကျွန်းစားတော်ပဲတွေလည်း ဈေးကျဆင်းနေပါတယ်။ အဓိကအရောင်းအဝယ်ဖြစ်နေတာကတော့ပြည်တွင်းသုံးကုလားပဲတွေပါ။တစ်အိတ်ကို ငွေကျပ် ၅၀၀၀- ၁၀,၀၀၀ တက်လိုက်ကျလိုက်နဲ့ဖြစ်နေတာပါ။လက်ရှိပဲပေါက်ဈေးတွေကကျဆင်းနေတော့ လှောင်လက်သမားတွေ အဝယ်ရှိလာပါတယ်။ပို့ကုန်ပဲတွေလည်း အနည်းငယ်ဈေးပြန်တက်လာပါတယ်”ဟု ၎င်းက ပြောသည်။

မတ်လ ၅ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်) တစ်အိတ်လျှင်ငွေကျပ် ၂၈၅,၀၀၀၊ ပဲစင်းငုံမှာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၇,၀၀၀ ခန့်ပေါက်ဈေးရှိနေသည်။ ပဲတီစိမ်း(အညာ)တစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀ပေါက်ဈေးရှိနေသည်။

အသစ်ဝင်ပဲမာလိုင်းများမှာ ပဲလွန်းဖြူပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၀,၀၀၀၊ ပဲလွန်းပြာပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ်၂၀၀,၀၀၀၊ပဲကြီးတစ်အိတ်လျှင်ငွေကျပ်၂၇၅,၀၀၀၊ပဲထောပတ်တစ်အိတ်လျှင်ငွေကျပ် ၃၀၅,၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင်ငွေကျပ် ၃၁၅,၀၀၀၊ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေပဲလုံးဆန်တစ်ပိသာလျှင် ငွေကျပ် ၉၂၀၀- ၉၃၀၀ ပေါက်ဈေးအဖြစ် ဈေးရှိနေသည်။မန္တလေးဈေးကွက်တွင်ပြောင်းဖူး(ဗမာ) ၅၄ ပိသာတစ်အိတ်လျှင် ငွေကျပ် ၈၃,၀၀၀၊ပြောင်းဖူး(ရှမ်း)၅၄ပိသာတစ်အိတ်လျှင်ငွေကျပ်၈၆,၀၀၀၊ ပြောင်းဖူး(CP) ၅၄ ပိသာတစ်အိတ်လျှင် ငွေကျပ် ၈၅,၀၀၀၊ အထွက်တိုးပြောင်း(ဖြူ) ၅၃ တစ်ပိသာ တစ်အိတ်လျှင် ငွေကျပ် ၈၃,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းဖြူ(ဂျပန်) ၄၅ ပိသာတစ်အိတ်လျှင် ငွေကျပ် ၄၃၀,၀၀၀၊နှမ်းဖြူ(ဗမာ) ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ နှမ်းညို ၄၅ ပိသာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀ ၊ ဆောင်းနှမ်းနက် ၄၅ ပိသာတစ်အိတ်လျှင် ငွေကျပ် ၅၅၅,၀၀၀ထိ ပေါက်ဈေးရှိနေသည်။

**Source : မကွေးဂျာနယ်**

## Medical Fair India 2025 ပြပွဲ ကျင်းပမည်

အိန္ဒိယနိုင်ငံ၏ ထိပ်တန်းဆေးဘက်ဆိုင်ရာ ကုန်စည်ပြပွဲတစ်ခုဖြစ်သော Medical Fair India 2025 ကို နယူးဒေလီမြို့ရှိ ဘာရတ်မန်ဒါပမ်၊ ပရဂတိမိန်ဒါန် (Bharat Mandapam, Pragati Maidan) အဆောက်အအုံခန်းမ အမှတ် ၄ နှင့် ၅ တို့တွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။


အဆိုပါ Medical Fair India 2025 သည် နှစ်စဉ် မွန်ဘိုင်းမြို့နှင့် နယူးဒေလီမြို့တို့၌ အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိပြီး ဆေးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းမျိုးစုံအား ခင်းကျင်းပြသမည်ဖြစ်၍ ပြပွဲနှင့်အတူ ကျင်းပပြုလုပ်မည့် ဆွေးနွေးပွဲများသည် လူတိုင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီပြီး ဈေးနှုန်းသက်သာစေရန် ဖြေရှင်းနည်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

Medical Fair India 2025 ပြပွဲ၌ နိုင်ငံပေါင်း ၁၅ နိုင်ငံမှ ကုမ္ပဏီ ၃၅၀ ကျော် ပါဝင်မည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်လိုသူများ၊ ဖြန့်ဖြူးရောင်းချသူများကို ရှာဖွေနေသည့် နိုင်ငံတကာနှင့် အိန္ဒိယပြည်တွင်းထုတ်လုပ်သူများနှင့်ချိတ်ဆက်ကာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: [email protected] သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

Source : https://myantrade.gov.mm/

## ပခုက္ကူဈေးကွက်တွင် ကုလားပဲသီးနှံ(အသစ်) စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်နေ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့သည် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ဖေဖော်ဝါရီ(တတိယပတ်)၌ ပခုက္ကူမြို့ ပဲဈေးကွက်တွင် ဒေသတွင်းစိုက်ခင်းများမှ ကုလားပဲသီးနှံများစတင်ရိတ်သိမ်းချိန်ဖြစ်၍ဈေးကွက်သို့ကုလားပဲ (အသစ်) များ စတင်ဝင်ရောက်ပြီး သီးနှံ(အသစ်) ပေါ်ချိန်ဖြစ်၍ ဈေးအနည်းငယ်ကျဆင်းလျက်ရှိသည်။

ပခုက္ကူဈေးကွက်သို့ ဆီထွက်သီးနှံ မြေပဲ၊ နှမ်းနှင့် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော ကုလားပဲသီးနှံလည်း နေ့စဉ်ဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ကုလားပဲသီးနှံ စိုက်ပျိုးရာဒေသများဖြစ်သော ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မြစ်ခြေ၊ ကမ္မ၊ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်တွင်းရှိ ကျေးရွာများအပြင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများမှ အများဆုံး ဝင်ရောက် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုအချိန်တွင် ကုလားပဲသီးနှံများ ရိတ်သိမ်းချိန်ဖြစ်၍ ဈေးကွက်သို့ ကုလားပဲ (အသစ်)များ စတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ၂၀၂၅ခုနှစ်၊ မတ်လ(ပထမပတ်)တွင် ကုလားပဲ(V2)(အသစ်) တစ်တင်းလျှင် ကျပ် ၇၂,၀၀၀၊ ကုလားပဲ(HL)(အသစ်)တစ်တင်းလျှင် ကျပ်၇၃,၃၀၀၊ ကုလားပဲ(929)(အသစ်) တစ်တင်းလျှင် ကျပ် ၇၂,၆၀၀၊ ကုလားပဲ(929)အဟောင်း တစ်တင်းလျှင် ကျပ်၇၃,၀၀၀ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်ဖေဖော်ဝါရီ(ပထမပတ်)တွင် ကုလားပဲ(V2)(အသစ်) တစ်တင်းလျှင် ကျပ်၇၇,၀၀၀၊ ကုလားပဲ (HL)(အသစ်)တစ်တင်းလျှင် ကျပ်၇၇,၀၀၀၊ ကုလားပဲ(929)(အသစ်) တစ်တင်းလျှင် ကျပ်၇၇,၀၀၀၊ ကုလားပဲ(929)(အဟောင်း)တစ်တင်းလျှင် ကျပ်၈၀,၀၀၀ဖြစ်၍ ယခင်ဖေဖော်ဝါရီလ (ပထမပတ်)နှင့် ဈေးနှုန်း နှိုင်းယှဉ်ပါက တစ်လအတွင်း ကုလားပဲတစ်တင်းလျှင် ကျပ်၅၀၀၀ခန့် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ သီးနှံအသစ် ပေါ်ချိန်ဖြစ်၍ ဈေးကျဆင်းကြောင်း၊ ပခုက္ကူပွဲရုံဈေးကွက်သို့ ဝင်ရောက်သည့် ကုလားပဲများကို တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်လျက်ရှိသော မြို့ပေါ်ရှိ ပဲခွဲစက်လုပ်ငန်းရှင်များ၊ ပဲကြော်/ပဲမုန့် (အစိမ်း/အကျက်) ထုတ်လုပ်သောလုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ယခုအချိန် ပခုက္ကူပဲဈေးကွက်တွင် ကုလားပဲသီးနှံ အဟောင်းများအပြင် အသစ်များပါ အရောင်း အဝယ် ဖြစ်လျက်ရှိကြောင်း၊ ဒေသတွင်းဝယ်ယူသုံးစွဲမှုအပြင် ရန်ကုန်၊ မန္တလေးဈေးကွက်သို့ တင်ပို့ကြောင်း၊ ကုလားပဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ခြင်းကြောင့် ပြည်တွင်းစားသုံးမှုများ၍ အရောင်းအဝယ်သွက်ကြောင်း မြို့ပေါ်ရှိ ပဲရောင်းဝယ်ရေးလုပ်ငန်း ရှင်တစ်ဦးထံက သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၁၃,၅၈၈ ဧက စိုက်ပျိုးပြီးစီး



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုး ရာသီတွင် ဆီထွက်သီးနှံစုံ ၁၃,၅၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မအူပင်မြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက် သီးနှံစုံ လျာထား ၁၃,၅၇၃ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဆီထွက်သီးနှံစုံ ၁၃,၅၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက်သီးနှံစုံ ၁၃,၅၈၈ ဧကတွင် နှမ်း ၂၄ ဧက၊ နေကြာ ၁၁,၅၅၂ ဧက၊ မြေပဲ ၂၀၁၂ ဧကဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံတွေကို စီမံချက်ချမှတ်လျာထားစိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ ဆီထွက်သီးနှံတွေ စိုက်ပျိုးဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့ဝယ်ယူတဲ့လုပ်ငန်းကနေ စိုက်ပျိုးတဲ့ အထိ လိုအပ်တဲ့နည်းပညာတွေကို ပံ့ပိုးကူညီပေးခဲ့ပါတယ်" ဟု ၎င်း ကပြောသည်။

မအူပင်မြို့နယ်၌ ဆီထွက်သီးနှံများစိုက်နည်းစနစ်မှန်ကန်စေရန်နှင့် တခြားနည်းပညာများကိုလည်း သင်ကြားပို့ချပေး ခဲ့ကြောင်း၊အဆိုပါဆီထွက်သီးနှံများ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး လုပ်ငန်းများအပြင်စိုက်ပျိုးပြီးဖြစ်သည့် ဆီထွက် သီးနှံများ ဖြစ်ထွန်းအောင်မြင်စေ ရေး၊ ဆီထွက်သီးနှံများ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေး ဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

နှစ်စဉ် ပြည်ပမှစားအုန်းဆီများဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကိုထိခိုက်စေသဖြင့် နိုင်ငံ အတွင်း ဆီထွက်သီးနှံများပိုမိုအောင်မြင်စွာထုတ်လုပ်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့်နိုင်ငံတော်မှ သတ်မှတ်ထားသော ပန်းတိုင် အထွက်နှုန်းပြည့်မီအောင် စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံစေမည့်အပြင် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်မည်ဖြစ် ကြောင်း သိရသည်။

Source : https://www.myawady.net.mm/

## ဆိပ်ဖြူကြက်သွန်နီ မတ်လ(ပထမပတ်)တွင် ဈေးဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်သည် ကြက်သွန်နီသီးနှံကို အဓိကသီးနှံအဖြစ် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး မြို့ပေါ်ရှိ ကြက်သွန်နီကုန်စည်ဒိုင်ဈေးကွက်တွင် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မတ်လ (ပထမပတ်)တွင် နွေကြက်သွန်နီ ပင်စိုက်များဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ စိုက်ပျိုးမှုများသောရွာသစ်ရပ်ကွက်နှင့်ကိုးတောင့်၊ ရေလယ်ကျွန်း၊ပဒေသာကျွန်း၊ အောက်ဆိပ်ကျေးရွာများမှ အများဆုံး ဝင်ရောက်ပြီး တစ်ရက်လျှင် ကြက်သွန်နီပျမ်းမျှကုန်ချိန်ပိဿာ ၅ သောင်းခန့် ဝင်ရောက်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်က သိရသည်။

ဈေးနှုန်းအနေဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ(ပထမပတ်)တွင် အရောင်းအဝယ်ဖြစ်သော ကြက်သွန်နီဈေးနှုန်းမှာ သီးနှံအရည်အသွေးလိုက်၍ တောဈေး(ဌာန်) တစ်ပိဿာလျှင် ကျပ် ၁၂၀၀ -၁၇၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ယခင် ဖေဖော်ဝါရီလ (စတုတ္ထပတ်)တွင် တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၂၂၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး၊ တစ်ပတ်အတွင်း ဈေးနှုန်းနှိုင်းယှဉ်ပါက ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၅၀၀ခန့် ဈေးကျဆင်းပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ ဆိပ်ဖြူမြို့ ပတ္တမြားဈေးအတွင်း အရောင်းအဝယ်ဖြစ်သော လက်လီဈေးနှုန်းမှာ အရည်အသွေး၊ အရွယ်အစားလိုက်၍ တစ်ပိဿာလျှင် ကျပ် ၁၅၀၀-၃၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများကို ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန် အများဆုံး တင်ပို့ပြီး ပြည်ပပို့ကုန်အဖြစ် မြဝတီ၊ မော်လမြိုင်မြို့များမှတစ်ဆင့် ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့ လျက်ရှိကြောင်း၊ မတ်လ(ပထမပတ်)တွင် နွေကြက်သွန်နီ ကုန်ချိန်ပိဿာ၂ သိန်းခွဲခန့်၊ တန်ချိန်အားဖြင့် ၄၀၈ တန်ခန့် ကုန်စည်စီးဆင်းခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

Source : DOCA(မကွေး)

https://www.doca.gov.mm/

## ကနေဒါသည်အမေရိကန်နှင့်ဆန့်ကျင်သည့် အသေးစိတ်တန်ပြန်အကောက်ခွန်အစီအစဉ်ကို ကြေညာ



ကနေဒါဝန်ကြီးချုပ် Justin Trudeau က အမေရိကန်သမ္မတ Donald Trump က စတင်ခဲ့တဲ့ ကုန်သွယ်ရေးစစ်ပွဲကို ဆန့်ကျင်သောအနေဖြင့် ကနေဒါနိုင်ငံမှ နောက်ပြန်ဆုတ်မည် မဟုတ်ကြောင်း ဝန်ကြီးချုပ် Justin Trudeau က ကတိပြုပြီးနောက် ကနေဒါနိုင်ငံ၏ဖက်ဒရယ်အစိုးရက အသေးစိတ်အကောက်ခွန် အစီအစဉ်အား ကြေညာခဲ့သည်။

ကနေဒါနိုင်ငံ၏ တုံ့ပြန်မှုပထမအဆင့်တွင် အမေရိကန်ပြည်ထောင်စုမှ တင်သွင်းသည့် ကုန်ပစ္စည်းများတွင် ကနေဒါဒေါ်လာ ၃၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၁ ဘီလီယံခန့်) အပေါ် အခွန်စည်းကြပ်မှုပါဝင်သည်။ အဆိုပါကုန်ပစ္စည်းစာရင်းတွင်လိမ္မော်ရည်၊ မြေပဲထောပတ်၊ ဝိုင်၊ ဘီယာ၊ ကော်ဖီ၊ အသုံးအဆောင်များ၊ ဖိနပ်များပါဝင် သည်။ ကနေဒါဒေါ်လာ ၁၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၉ ဘီလီယံခန့်) တင်သွင်းမှုအပေါ် နောက်ထပ်တန်ပြန်အရေးယူမှုများ သည် လျှပ်စစ်ကားများ၊ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက် များ၊ အမဲသား၊ ဝက်သား၊ နို့ထွက်ပစ္စည်း၊ အီလက်ထရွန်းနစ်၊ သံမဏိ၊ အလူမီနီယံ၊ ထရပ်ကားများနှင့် ဘတ်စကားများကဲ့သို့ ကုန်ပစ္စည်းများပါဝင်သည့် ၂၁ ရက်ကြာ မှတ်ချက်ပေးသည့် ကုန်စည်စာရင်းမှဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကနေဒါအစိုးရသည် ကနေဒါ အလုပ်သမားများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တန်ပြန်အရေးယူမှုများ၏ သက်ရောက်မှုကို လျော့ပါးသက်သာစေရန် လုပ်ငန်းစဉ်များကို ချမှတ်ကာ အခွန်စည်းကြပ်မှုမှ ခြွင်းချက်အနေဖြင့် သက်သာခွင့်တောင်းဆိုမှုများ ကို ထည့်သွင်းစဉ်းစားရန် လုပ်ဆောင်နေသည်ဟု ထုတ်ပြန်ချက် တွင်ဖော်ပြထားသည်။

ကနေဒါနိုင်ငံအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှာ အငြင်းပွားမှု ဖြေရှင်းရေး တောင်းဆိုချက်တွေကို ကနေဒါ-အမေရိကန်-မက္ကဆီကို သဘောတူညီချက် သို့မဟုတ် ၎င်း၏ နောက်ဆုံးသက်တမ်းတွင် ပြန်လည် ညှိနှိုင်းခဲ့သော မြောက်အမေရိက လွတ်လပ်သော ကုန်သွယ်မှုယန္တရားမှတဆင့် ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံ၏ တရားမဝင်လုပ်ရပ်များအား စိန်ခေါ်သွားမည်ဟု အစောပိုင်းက Trudeau က ပြောကြားခဲ့သည်။

အမေရိကန်၏ စည်းကြပ်ခွန်များ ရုပ်သိမ်းပြီး မကြာမီအချိန်အတွင်း တန်ပြန် အခွန်စည်းကြပ်မှုများ ဆက်လက်ရှိနေဦးမည်ဟုလည်း Trudeau က ဆက်လက် ပြောကြားခဲ့သည်။

**Source: DOCA(ရန်ကုန်)**

https://myantrade.gov.mm/

## ၂၀၂၄ ခုနှစ်အတွင်း ဩစတြေးလျခရီးသွား ၃၉,၃၀၀ ဦး ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့



ကမ္ဘောဒီးယားနိုင်ငံသည် ဩစတြေးလျခရီးသွားများ နှစ်သက်သည့် ခရီးသွားနေရာများထဲမှ တစ်ခုဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ကာလတိုခရီးသည် ၃၉,၃၀၀ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း Australian Bureau of Statistics (ABS) အရသိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျနိုင်ငံသားများ နှစ်သက်ဆုံးသော နေရာတစ်ခုဖြစ်ဆက်လက်ရပ်တည်နေပြီး ဂျပန်၊ အမေရိကန်၊ ယူကေ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံများသို့ ပြင်ပခရီးသွားများ သိသိသာသာတိုးတက်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ဩစတြေးလျခရီးသွား ၁ ဒသမ ၆၈ သန်းဖြင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နေပြီး တစ်နှစ်ထက်တစ်နှစ် ၂၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ ၂၀၂၄ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ဩစတြေးလျ ခရီးသည် ၇၉၈,၇၃၀ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၅၆ ဒသမ ၉ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ကမ္ဘောဒီးယား နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ခရီးသွားလာရေး ဝန်ကြီးဌာန(MoT) ၏ ပြောရေးဆိုခွင့်ရှိသူ Top Sopheak က ဩစတြေးလျနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံအတွက် အရေးကြီးသော ခရီးသွားဈေးကွက်တစ်ခုဖြစ်ကြောင်းနှင့် COVID-19 ကာလပြီးနောက် ကမ္ဘောဒီးယားနိုင်ငံသို့ ဩစတြေးလျခရီးသွားလာ ရောက်မှု သိသိသာသာတိုးတက်လာခဲ့ကြောင်း ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်၊ ပထမ ၉ လ အတွင်း ဩစတြေးလျခရီးသွားဦးရေ ၇၀,၀၀၀ ကျော်လာရောက်ခဲ့ပြီး Siem Reap ပြည်နယ်သို့ လာရောက်လည်ပတ်မှုသည် အများဆုံးဖြစ်ခဲ့သည်။ Australian Bureau of Statistics (ABS) ၏ ထုတ်ပြန်ချက်များအရ ၂၀၂၂ ခုနှစ်မှ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံမှဩစတြေးလျနိုင်ငံသို့ ကာလတိုလာရောက်လည်ပတ်သူ ၁၉,၃၀၀ ဦးရှိခဲ့ကြောင်း သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm

## တောင်ကိုရီးယားနိုင်ငံအစိုးရက ပို့ကုန်တင်ပို့နေသည့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ကို ဝမ်ငွေ ၂၅ ဘီလီယံတန်ဖိုးရှိ အထောက်အပံ့ပေးမည့်အစီအစဉ် ဆောင်ရွက်သွားမည်

တောင်ကိုရီးယားနိုင်ငံ၏ ပို့ကုန်တင်ပို့မှုမြှင့်တင်ရန်ရည်ရွယ်၍ ပို့ကုန်တင်ပို့နေသည့် အငယ်စားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ကို ဝမ်ငွေ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၃ သန်း)တန်ဖိုးရှိ အထောက်အပံ့များပေးမည့်အစီအစဉ် (Export Voucher program) ကို ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်သွားမည်ဟု ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ၆-၃-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ Export Voucher program အရ SMEs ကုမ္ပဏီအရေအတွက် ၃၀၀ အား ပို့ကုန်တင်ပို့မှုမြှင့်တင်ရေးအထောက်အပံ့များပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ၎င်းအထောက်အပံ့များမှာ စီးပွားရေးဆိုင်ရာအကြံပေးဆွေးနွေးသည့် ဝန်ဆောင်မှုများပေးခြင်း၊ ကုန်စည်ပြပွဲအမျိုးမျိုးတွင် ပါဝင်နိုင်ရေးအထောက်အပံ့များပေးခြင်းနှင့် နိုင်ငံတကာသို့ သင်္ဘောတင်ပို့ခြင်းအတွက် အထောက်အပံ့များပေးခြင်း စသည်တို့ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ်အတွင်းက Export Voucher program တွင်ပါဝင်ခဲ့သည့် ကိုရီးယား SMEs ကုမ္ပဏီများသည် ၎င်းတို့ရည်ရွယ်ထားသည့်စျေးကွက်များသို့ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇ ဘီလီယံ တန်ဖိုးရှိ ပို့ကုန်များတင်ပို့နိုင်ခဲ့ကြောင်း၊ မတည်ငြိမ်သောကုန်သွယ်မှုဆိုင်ရာအခြေအနေများ ကြုံတွေ့နေရသော်လည်း အလားအလာရှိသည့် SMEs များကို ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအဖြစ် အသွင်ပြောင်းပေးနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် အထောက်အပံ့များပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနရှိ အလယ်အလတ်စား ကုမ္ပဏီများဆိုင်ရာမူဝါဒဌာန (Mid- sized Corporate Policy) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Park Duk-ryul က ပြောကြားခဲ့သည်။

**Source: Korea Herald 6-3-2025 (https://www.koreaherald.com/article/10434935)**

**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့။**

https://myantrade.gov.mm/

## STOCK EXCHANGE (7.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,007 (Shares) | 22,397,050 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,100 | 359 | 2,583,800 | 33,109,694 | 238,390 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 2,950 | 2,944 | 8,685,200 | 38,929,150 | 116,788 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,800 | 7,800 | 7,700 | 101 | 777,800 | 10,400,986 | 80,088 |
| FPB | 00004 | 1,750 | +0 | +0.00% | 1,750 | 1,800 | 1,750 | 3,337 | 5,840,250 | 29,664,613 | 51,913 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 220 | 637,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,550 | 1,600 | 1,550 | 1,705 | 2,677,250 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 126 | 498,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,150 | 3,250 | 3,150 | 215 | 697,750 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 6th Mar. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 357.89 | -0.26 | -0.07% | 356.99 | 359.29 | 356.92 | 9,007 | 22,397,050 | 8 | 675,045 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of ---

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:30 am, 7th Mar, 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,423 (Shares) | 3,234,150 (MMK) |

| MYANPIX | 354.45<br>▼ 3.44 |
|---|---|
| Total Volume (shares) | 1,423 |
| Total Value (MMK) | 3 mil |
| Listed Company | 8 |
| Market Cap. (MMK) | 668,557 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,100 | ▼ 100 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,550 | ▼ 50 |
| AMATA | 00007 | 3,950 | ▼ 50 |
| MAEX | 00008 | 3,200 | ▼ 50 |

TIR